ရခိုင်ပြည်နယ်/ မြန်မာနိုင်ငံ

ရခိုင်တပ်မတော်-မြန်မာ့တပ်မတော် တိုက်ပွဲများနှင့်ဆက်နွယ်သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို တုံ့ပြန်ကူညီခြင်း

(၂၀၂၁) ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလထိ

ရခိုင့်တပ်မတော်နှင့် မြန်မာ့တပ်မတော် တို့ကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် (၂၀၂၁) ခုနှစ်၊ ဒီဇင်ဘာလ (၃၁) နေ့အထိ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၀) မြို့နယ်တွင် တိုက်ပွဲရှောင်ဒုံးရေ စုစုပေါင်း (၇၁၆၀၀) ခန့် နေရပ်စွန့်ခွာနေရဆဲဖြစ်သည်။ UNHCR သည် အခြားသော UN အဖွဲ့အစည်းများ၊ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲလျက် အဆိုပါ လူသားချင်းစာနာမှု လိုအပ်ချက်များကို တုန့်ပြန်ကူညီခဲ့ပြီး ထိခိုက်ခံစားခဲ့ရသူ လူထုတို့အား ၎င်း၏ အထောက်အပံ့များကို ပံ့ပိုးထောက်ပံ့ခဲ့သည်။ (၂၀၂၁) ခုနှစ်တွင် UNHCR သည် အိမ်ထောင်စု (၁၅၄၃၄) စု၊ သက်ရောက်မှုခံခဲ့ရသော လူဦးရေ (၆၂၃၂၃) ဦးနှင့်ကို အစားအစာမဟုတ်သည့် အိမ်သုံးပစ္စည်း NFI နှင့် အရေးပေါ် ယာယီအမိုးအကာ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ကျောက်တော်၊ စစ်တွေနှင့် ပေါက်တော်မြို့နယ်များရှိ တိုက်ပွဲရှောင် အိမ်ထောင်စု (၈၄၈) စုတို့သည် အစားအစာမဟုတ်သည့် အိမ်သုံးပစ္စည်း NFI များနှင့် ယာယီအမိုးအကာအထောက်အပံ့ထုပ်များ၊ မြောက်ဦးနှင့် မြေပုံမြို့နယ်များရှိ တိုက်ပွဲရှောင် အိမ်ထောင်စု (၁၂၈၅) စုတို့သည် အမျိုးသမီးသုံး ပစ္စည်းထုပ်များ၊ ဘူးသီးတောင်မြို့နယ်ရှိ တိုက်ပွဲရှောင် အိမ်ထောင်စု (၃၉၁၂) စုတို့သည် အရေးပေါ်အိမ်သုံးပစ္စည်းထုပ်များ အသီးသီးစီတို့ကို လက်ခံရရှိခဲ့ကြသည်။ အဆိုပါ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ နှစ်လအတွင်းတွင် ပစ္စည်းများ ထောက်ပံ့ရန်အပါအဝင် ထောက်ပံ့ပေးထားမှုကို ကွင်းဆင်းဆန်းစစ်သည့် ခရီးစဉ်ပေါင်း (၉၀) နှင့် ဆက်စပ်ကွင်းဆင်းမှု (၂၉) ကြိမ်တို့ကို အလျဉ်းသင့်သလို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

UNHCR နှင့် ယင်း၏မိတ်ဘက်အဖွဲ့အစည်းများအတွက် တစ်ချို့သော တိုက်ပွဲရှောင်စခန်းများ၊ အထူးသဖြင့် ဝေးလံကျေးလက်မှ စခန်းများကို လက်လှမ်းမမှီနိုင်မှုမှာ အကန့်အသတ်ရှိနေဆဲဖြစ်ပြီး COVID-19 ဖြစ်ပွားနေသည့်အခြေအနေကြောင့်လည်း ပိုမိုခက်ခဲနေသည်။

ထောက်ပံ့ခဲ့သည့် လူဦးရေ

62,323 ဦး

15,434 အိမ်ထောင်စု

ထောက်ပံ့ခဲ့သည့် နေရပ်စွန့် ခွာ စခန်းပေါင်း

113 ရခိုင်ပြည်နယ်ထဲရှိ နေရပ်စွန့်ခွာ စခန်း များ

(အမ်း၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များ)

တစ်လချင်း ထောက်ပံ့နိုင်ခဲ့သည့် လူဦးရေ





NFI အထောက်အပံ့ အဖြစ် 62,323 ဦးကို ၂၀၂၁ ခုနှစ်မှာ ထောက်ပံ့ခဲ့

- 129 ကလေးသုံးပစ္စည်း
- 305 CP ပစ္စည်းထုပ်
- 4,310 တစ်ကိုယ်ရေသုံးပစ္စည်း
- 34,247 မျက်နှာ၊ နှာခေါင်းစည်း
- 3,089 ဆိုလာမီးအိမ်
- 28,205 ခြုံစောင်
- 11,434 အဝတ်အစားထုပ်
- 8,582 သောက်ရေဗူး
- 22,701 ခြင်ထောင်
- 30,426 ဆပ်ပြာခဲ
- 8,515 ရေပုံး
- 6,272 အမျိုးသမီးသုံးပစ္စည်း
- 5,011 အိုးခွက် ပန်းကန်ထုပ်
- 29,067 အခင်းဖျာ
- 110 ထီး
- 345 အနွေးထည်

ယာယီအမိုးအကာ အထောက်အပံ့အဖြစ် 15,876 ဦးကို ၂၀၂၁ ခုနှစ်မှာ ထောက်ပံ့ခဲ့

- 5,837 မိုးကာ(တာလပတ်စ)
- 14,048 သစ်၊ မျောတိုင်
- 18,261 နိုင်လွန်ကြိုး
- 132,500 ဝါး

ဖော်ပြပါလူဦးရေစာရင်းသည် အကူအညီအထောက်အပံ့ရရှိပြီးသော အိမ်ထောင်စုလိုက် ခန့်မှန်းခြေလူဦးရေစာရင်းဖြစ်ပြီး စခန်းနေ ခန့်မှန်းခြေလူဦးရေ အရေအတွက်ဖြစ်ပါသည်။
စာရင်းပါကိန်းဂဏန်းများတွင် ပစ္စည်းများဖြန့်ဝေမှုများစွာပါဝင်လျက်ရှိပါသည်။

ဤဖော်ပြပါ မြေပုံတွင် အသုံးပြုထားသော နယ်နိမိတ်အကျယ်အဝန်းများအမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမဂ္ဂမှ တရားဝင် အတည်ပြုထားခြင်း သို့မဟုတ် လက်ခံထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

UNHCR မြန်မာနှင့် နိုင်ငံတကာ ထောက်ပံ့ကူညီမှုများတွင် တစ်ချို့သော သတ်မှတ်ချက်များဖြင့် ပံ့ပိုးလူဒါန်းသူများ၊ သတ်မှတ်ချက်မဲ့ပံ့ပိုးလူဒါန်းသူများ အားလုံးကို UNHCR မှ များစွာ ကျေးဇူးတင်ရှိပါသည်။
ဩစတြေးလျ၊ ဘယ်လဂျီယံ၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ ဂျာမနီ၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နော်ဝေး၊ ကိုးရီးယား သမ္မတနိုင်ငံ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ အမေရိကန် တို့နှင့်တကွ ဩစတြေးလျ၊ အီတလီ၊ ဂျပန်၊ ကိုးရီးယား သမ္မတနိုင်ငံ၊ စပိန်နှင့် ဆွီဒင်တို့ရှိ သီးခြား အလှူရှင်များ။

မိတ်ဘက်အဖွဲ့များ | nRS: (ပူးပေါင်းအဖွဲ့) MI, UNICEF, UNFPA
cRS: IRC, IOM, LWF, PIN, RI